❑ တရားစီရင်မှု ယန္တရားကို လွဲမှားစွာ အသုံးပြုသူများမှာ သာမန် ပြည်သူများ မဟုတ်ပါ။ အမှုသည် လက်လုပ်လက်စား ဆင်းရဲသားများ မဟုတ်ပါ။ ငွေကြေးနေ ကြွယ်ဝ ချမ်းသာသူ၊ အခွင့်အာဏာ ရှိသူ သို့မဟုတ် ၎င်းတို့ကို ချဉ်းကပ်သိမ်းသွင်းနိုင်သူ၊ လွှမ်းမိုးစေခိုင်းနိုင်သူတို့သာ တလွဲတချော် အသုံးပြုတတ်ပါသည်။

*တရားစီရင်ရေး ယန္တရားကို လွဲမှားအသုံးပြုမှု မှ*

❑ 'များသောအားဖြင့် ဝန်ထမ်းအရာရှိများကို စီမံကွပ်ကဲသည့် အခွင့် အာဏာ ပိုင်သော ဌာနအကြီးအကဲ ဆိုသူတို့သည် လက်အောက်အရာရှိများကို မတော်မတရား အစီးအပွား ရှာစေသူများ ဖြစ်နေတတ်ပါသည်။ ထိုသူတို့သည် ပြဿနာ တစ်စုံတစ်ရာ မပေါ်သေးသမျှ လက်အောက်ဝန်ထမ်း၏ ကန်တော့စာ (ပေးစာကမ်းစာ) ကို နှီးသက်ခံစိုးသူများ ဖြစ်တတ်ပါသည်။ ပြဿနာပေါ်သည့်တိုင် ကယ်နိုင်လျှင် ကယ်တင်၍ ခေတ္တ သိမ်းဝှက်ထား တတ်ပါသည်။ မေ့လျော့သလောက် ရှိတော့မှ ရာထူး တိုးပေးလိုက်ပြီး ထပ်မံ၍ စီးပွားရှာရန် အခွင့်အလမ်း ဖန်တီးပေးတတ်ပါသည်။

*ရွှေသမင် လာသည့်လမ်းသို့ စားထမ်း၍ လိုက်ပါ မှ*

❑ 'ဘယ်လိုပဲ ဖြစ်ဖြစ် ကျုပ်တို့က အပြစ်ပေးလိုက်ရင် တာဝန်ကင်းတယ်' ဆိုသည့် အတွေးအခေါ် ကြီးစိုးသွားခဲ့သည်။ ထိုအချက်ကြောင့် မတော်မတရား မှုများ ဖြစ်ခဲ့သည်။ ထိုအချက်ကြောင့် အပြစ်မရှိသူကို အပြစ်ပေး လိုက်ရမည်လားဟု ဒြိမ်းခြောက်သူ၊ အခွင့်အရေး ယူ၍ လုပ်ကိုင်စားသောက်သူတို့ ရှိလာသည်။ စွပ်စွဲခံရသူတိုင်းကို အပြစ်ပေးလိုက်လျှင် တရားသူကြီး၏ တာဝန် ကျေပွန်ပြီ ဟူသော အတွေးအခေါ်မှာ လူ့အဖွဲ့အစည်းအတွက် တော်တော် အန္တရာယ်ကြီးပါသည်။ ထို့ကြောင့်လည်း ခေတ်တစ်ခေတ်လုံးတွင် တရားစီရင်ရေးသည် အများတကာ၏ လက်ညှိုးထိုးစရာ၊ မေးငေါ့စရာ၊ တံတွေးခွက်မှာ'ပက်လက်မျောစရာ ဖြစ်ခဲ့ရသည်။

*တရားသူကြီးတစ်ယောက်၏ ကျင့်ဝတ်သိက္ခာ မှ*

❑ မင်းသားကလေးလည်း အညွန့်မကျိုးစေချင်ပါ။ ကျောင်းသားကလေးလည်း အနာဂတ် မဆုံးစေချင်ပါ။ လက်လုပ်လက်စား ဒရိုင်ဘာ၊ ဆိုက်ကားသမား မျက်နှာမွဲများလည်း မိသားစုထံ ပြန်ခွင့် ရစေချင်ပါသည်။ လူ့အဖွဲ့အစည်းကို ရန်သတ္တုရ မပြုခဲ့သူ၊ အခြားသူတစ်ပါးတို့ကို မထိပါး မနစ်နာစေသော သူ ထိုသူတို့ကို မလွှဲမရှောင်သာ အပြစ်ပေးခဲ့ကြရသည့် တရားသူကြီးတိုင်းသည် ကျေနပ်ပျော်ရွှင်နေမည်ဟု မထင်စေလိုပါ။ ဘုရားသခင်သည် နှလုံးသား တစ်စုံကို မိမိတစ်ဦးတည်း၏ ရင်ဘတ်ထဲသို့သာ ထည့်သွင်း တပ်ဆင်ပေး လိုက်သည် ဟူ၍တော့ဖြင့် စိတ်ကြီးမဝင်စေလိုပါ။

*စကားလုံးတွေနဲ့ အိမ်ဆောက်နေတဲ့မြို့ မှ*

❑ မည်သို့သော အမှုတွင်မဆို အကြောက်တရားဖြင့် တရားစီရင်သောခေတ် ကုန်ဆုံးသင့်ပါပြီ။ မည်သို့သောသူကိုမဆို အမှု၏ အနေအထား၊ အမှု၏ သဘောသဘာဝအလိုက် မှန်ကန်မျှတစွာ စီရင်စေသင့်ပါသည်။ ကြီးလေးသော ပြစ်ဒဏ်ကို ချမှတ်လိုက်ပါမှ ဘေးအန္တရာယ် ကင်းနိုင်မည် ဆိုသည့် ယုံကြည်စိတ်ချနေမှုနှင့် အတွေးအခေါ်မှာ အန္တရာယ်ကြီးလှပါသည်။ လူ့အဖွဲ့အစည်းအတွက် အလွန် ကြီးမားသော ဘေးအန္တရာယ် ဖြစ်ပါသည်။ ပြောင်းလဲရန် မျှော်လင့်ခဲ့ပါသည်။ ပြောင်းလဲရန် အချိန်တန်ပါပြီ။

*သက်ငယ်မုဒိမ်းမှုနှင့် တရားရုံးဖိအားပြဿနာ မှ*

❑ ဌာနတစ်ခုသည် နိုင်ငံအတွက် သို့မဟုတ် ဌာနအတွက် စွမ်းစွမ်းတမံ လုပ်သူ ရိုးသားကြိုးစားသူများကို မသိမသာဖြစ်စေ၊ သိသိသာသာဖြစ်စေ ချိုးနှိမ် နှိပ်ကွပ်မည်၊ မိမိ၏ အလုပ်တာဝန်ကို ကျေကျေပွန်ပွန် ရိုးရိုးသားသား ကြိုးစား၍ မလုပ်စေတာမူ မက်မောစရာလက်ဆောင်ပဏ္ဏာ ဆက်သူ၊ အနေအပြော လုပ်သူ၊ အကျင့်ပျက် (ဟု ကျော်ကြား) သူများကိုပင် မြှောက်စားနေမည် ဆိုပါလျှင် ထိုအထက်လူကြီးက စီးဆင်းစေသည့်ရေစီးကြောင်းအတိုင်း လိုက်ပါ စီးမျောပေလိမ့်မည်။ ဝန်ထမ်းများသည် တော်ဖြောင့်ရန်၊ ထူးချွန်ရန်ထက် အထက်လူကြီး၏မျက်နှာသာပေးရေး ရာထူး ရရေး နေရာကောင်း ရရေးကိုပင် အလိုလိုက်အကြိုက်ဆောင်ကြပေလိမ့်မည်။ နည်းလမ်းမျိုးစုံဖြင့် ရှာကြွေကြပေလိမ့်မည်။ မတော်မတရား ပြုကြပေလိမ့်မည်။ သို့နှင့် ဌာနအဖွဲ့အစည်း တစ်ခုလုံး မျောပါလျက် နာမည်ဂုဏ်သတင်း ပျက်ယွင်းရပေလိမ့်မည်။

*အဂတိလိုက်စားမှုကို တကယ် တိုက်ဖျက်တော့မည်လော မှ*

## မာတိကာ


❑ နှုတ်ဖြင့် ဖြောင့်တန်းညီညာ လျှောက်လှမ်းစေလိုရာတွင် … က
❑ စာရေးသူ၏ အမှာစာ ဃ
၁။ တစ်ကိုယ်တော် ဆန္ဒပြခြင်းသည် ပုဒ် ၁၈ နှင့် ငြိစွန်းသလော ၁
၂။ အဂတိ လိုက်စားမှုကို တကယ် တိုက်ဖျက်တော့မည်လော ၉
၃။ ရွှေသမင် လာသည့်လမ်းသို့ စားထမ်း၍ လိုက်ပါ ၁၇
၄။ တရားသူကြီးတစ်ယောက်၏ ကျင့်ဝတ်သိက္ခာ ၂၅
၅။ ကျင့်ဝတ်သိက္ခာကို ပဲလျော်နှင့် မလဲပါ ၃၁
၆။ လူ့အခွင့်အရေးကော်မရှင် မှားယွင်းသည် ၃၉
၇။ စွပ်စွဲခံရသူက ရွှေနေဖြင့် ခုခံပိုင်ခွင့် ၄၅
၈။ ၆၆ (ဃ) ကို အဘယ်ကြောင့် … ၅၁
၉။ တရားသူကြီး ဆိုတာ အမိန့်တော်ပြန်သူ မဟုတ်ပါ ၅၉
၁၀။ ဆန္ဒပြခြင်းဖြင့် တရားရုံး၏အမိန့်ကို ပြောင်းလဲနိုင်သလော ၆၇
၁၁။ တရားရုံး ရောက်မှ တွေ့ကြတာပေါ့ကွာ ၇၅
၁၂။ တရိန်းကားဖြင့် ခိုးမှုမြောက်နိုင်သလား ၈၃
၁၃။ သက်ငယ်မုဒိမ်းမှုနှင့် တရားရုံးဖိအား ပြဿနာ ၈၉
၁၄။ ပျံ့ဝဲနေသော ဖိနပ်များ ၉၇
၁၅။ ဂျက်ဆီကာကို ဘယ်သူမှ မသတ်ဘူး ၁၀၃
၁၆။ မယုံကြည်ထိုက်သော သက်သေ၊ ထီးချက်စောင့်နတ်သမီးနှင့် … ၁၁၁
၁၇။ ဒိုးမည်းသုတ်သူများ ၁၁၇
၁၈။ တရားရှင်လွှတ်ခြင်းများအကြောင်း ၁၂၇
၁၉။ ၅၀၅ (ခ) ဆိုတာ ဘာလဲ ၁၃၅
၂၀။ တရားစီရင်ရေး ယန္တရားကို လွဲမှား အသုံးပြုမှု ၁၄၁
၂၁။ ကျွမ်းကျင်နိဆို၍ အဖြေ တွေ့နိုင်မည်လော ၁၄၉
၂၂။ ရုံးတရားရုံးသည် အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ၁၅၅
၂၃။ စကားလုံးတွေနဲ့ အိမ်ဆောက်နေတဲ့မြို့ ၁၆၁
၂၄။ ငို၍သော်လည်းကောင်း၊ ရှိုက်၍သော်လည်းကောင်း … ၁၆၇
၂၅။ သေဒဏ်နှင့် စပ်လျဉ်း၍ ၁၇၅
၂၆။ တရားသူကြီးတစ်ယောက် ဘယ်လောက်မှားခွင့်ရှိသလဲ ၁၈၁
၂၇။ ဘာကြောင့် နာကျင်ခံစားမှုလဲ၊ ဘာကြောင့် လွတ်မြောက်ခွင့်လဲ ၁၈၇